# People's Defence Force (Kalay)

## ထုတ်ပြန်ရှင်းလင်းချက်

နိုဝင်ဘာ ၂၁ ရက်၊ ၂၀၂၁

လွန်ခဲ့သည့် နိုဝင်ဘာလ ၁၆ ရက်နေ့က အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များက PDF (Kalay) ၏ တပ်ခွဲစခန်းငယ်တစ်ခုကို ဝင်ရောက်သိမ်းပိုက်ခဲ့ရာတွင် စခန်းတွင်ကျန်ရစ်ခဲ့သည့် တပ်ဖွဲ့ဝင်အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၁၀ ဦး အနက် အမျိုးသား ၂ ဦးဖြစ်သော ကိုကျဲထန်ပွီးယာနှင့် ကိုရမ်းမောယာ၊ အမျိုးသမီး ၁ ဦးဖြစ်သော မဗျက်ရမ်ချင်းတို့ကို အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များက သတ်ဖြတ်ခဲ့ပါသည်။

ယမန်နေ့မှစ၍ ဆိုရှယ်မီဒီယာတွင်ထွက်ပေါ်လာခဲ့သည့် ကျဆုံးဆေးတပ်ဖွဲ့ဝင်အမျိုးသမီးကို အကြမ်းဖက်စစ်ကောင်စီတပ်သားများက အဓမ္မပြုကျင့်၍ပစ်သတ်ခဲ့သည်ဟူသော PDF (Kalay) မှ အတည်မပြုထားသည့်သတင်းများတက်လာသည်ကို တွေ့ရှိရပါသည်။

မိမိတို့ PDF (Kalay) တပ်ဖွဲ့ဝင်များက အဆိုပါစခန်းကို နိုဝင်ဘာ ၁၈ ရက်နေ့ ညနေပိုင်းတွင်သွားရောက်ရှင်းလင်းရာ မဗျက်ရမ်ချင်း၏ရုပ်အလောင်းကိုတွေ့ရှိချိန်၌ ကိုယ်ခန္ဓာပေါ်တွင်အဝတ်အစားများ မပျက်မယွင်းဝတ်ထားလျက် အနေအထားဖြင့်တွေ့ရှိခဲ့ရပြီး ဦးခေါင်းတွင်သေနတ်ဒဏ်ရာဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်းတွေ့ရှိရပါသည်။ လုံခြုံရေးအခြေအနေအရ မဗျက်ရမ်ချင်း၏ခန္ဓာကိုယ်အား အသေးစိပ်အချိန်ယူစစ်ဆေးနိုင်ခဲ့ခြင်းမရှိဘဲ ကျဆုံးရဲဘော်အမျိုးသား ၂ ဦးနှင့်အတူ ကောင်းမွန်စွာသင်္ဂြိုလ်ပေးခဲ့ရပါသည်။

PDF (Kalay) ၏ လှုပ်ရှားမှုများ၊ တပ်ဖွဲ့ဝင်များ၏ အခြေအနေများနှင့်စပ်လျဥ်း၍ People's Defence Force (Kalay) ၏ တရားဝင် Facebookစာမျက်နှာနှင့် Telegram channel တို့မှထုတ်ပြန်ချက်များဖြင့် တိုက်ဆိုင်စစ်ဆေး၍ သတင်းအတည်ပြုရေးသားမှုဝေကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။